# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

August 26, 2024 | Volume 81, Number 18


၂၆.၈.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၄၈.၁ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၁၂.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၇၁.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၂၃.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၉၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၃၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၄၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၈၂.၉၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၈၁၉ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## မန္တလေးဈေးကွက်အတွင်း ဆိပ်ဖြူဘက်မှထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းမွန်နေ



မန္တလေးဈေးကွက်အတွင်း ဆိပ်ဖြူဘက်မှထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း မန္တလေးမြို့မှ အောင်ကြက်သွန်နှင့် အာလူးပွဲရုံ ပိုင်ရှင် ဒေါ်မေသဲဆွေကပြောသည်။

မန္တလေးဈေးကွက်တွင် ဩဂုတ်လနောက်ဆုံးပတ်အတွင်း ဆိပ်ဖြူဘက်မှ ကြက်သွန်နီများ ဆက်တိုက်အဝယ်လိုက်လျက်ရှိကြောင်း၊ ပြည်တွင်းဈေးကွက်အပြင် ပြည်ပကလည်း ကြက်သွန်နီများကို ဝယ်ယူမှု များပြားလျက်ရှိကြောင်း သိရသည်။

"မန္တလေးဈေးကွက်ထဲ အဝင်များတဲ့အထဲမှာ ဆိပ်ဖြူဘက်ကထွက်ရှိတဲ့ ကြက်သွန်နီ အပြင် တောင်သာနဲ့ မြင်းခြံကထွက်ရှိတဲ့ ကြက်သွန်နီတွေလဲပါပါတယ်။ ဆိပ်ဖြူဘက်မှ ထွက်ရှိတဲ့ ကြက်သွန်နီကတော့ မန္တလေးဈေးကွက်ထဲ အခုအရောင်းအဝယ် အကောင်းဆုံး အနေအထားမှာရှိတယ်။ မြင်းခြံနဲ့တောင်သာဘက်ကထွက်ရှိတဲ့ ကြက်သွန်နီတွေလဲ ပုံမှန် အတိုင်းပဲအရောင်းအဝယ်ဖြစ်နေပါတယ်"ဟု ကြက်သွန်နှင့်အာလူး ပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ဩဂုတ် ၂၄ ရက် ပေါက်ဈေးအရ ဆိပ်ဖြူဘက်မှ ထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၂၃၀၀ ခန့်၊ မြင်းခြံဘက်မှ ထွက်ရှိ သည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀၊ တောင်သာဘက်မှ ထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။

Source: ရတနာပုံနေ့စဉ်သတင်းစာ

## တစ်ပတ်စာ ဈေးကွက်သုံးသပ်ချက် (၁၉.၈.၂၀၂၄ မှ ၂၃.၈.၂၀၂၄)

**ပဲစင်းငုံနီ**




ပဲစင်းငုံနီက မြန်မာငွေကြေးဈေးနဲ့တွက်ရင် ဈေးမြင့်တက်နေပေမဲ့ FOB ပေါက်ဈေးနှုန်းကတော့ ဆက်တိုက်ကျဆင်းပါတယ်။ ဈေးကွက်အရောင်းအဝယ်အေးနေတဲ့အတွက်ကြောင့် အတက်အကျကတော့ သိပ်မရှိပေမဲ့ နယ်ဈေးကွက်တွေမှာတော့ တစ်ပတ်တာလုံး အကျဈေးနဲ့ရှိနေတာဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံတွင်းမှာလည်း ပဲဈေးတွေက ဆက်တိုက်ကျဆင်းနေခဲ့ပြီး လက်ရှိ ချန်နိုင်းဈေးကွက်မှာ ပဲစင်းငုံနီ တစ်တန်ကို ရူပီး ၉၈၀၀ သာရှိနေပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်တန်ကို ၄၅၀ ရူပီး ဈေးကျဆင်းသွားပါတယ်။ FOB ဈေးနှုန်းကလည်း တစ်တန်ကို ၁၁၂၀ မှ ၁၁၃၀ ဒေါ်လာရှိပြီး တစ်တန်ကို ဒေါ်လာ ၃၀ ဈေးကျဆင်းသွားခဲ့ပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပြီးခဲ့တဲ့အပတ် သောကြာနေ့က ပဲစင်းငုံနီတစ်တန်ကို ကျပ် ၄,၇၂၅,၀၀၀ ကျပ်၊ တနင်္လာနေ့မှာလည်း တစ်တန်ကို ၄,၇၇၂,၀၀၀၊ အင်္ဂါနေ့မှာတော့ တစ်တန်ကို ၄,၇၅၂,၀၀၀၊ ဗုဒ္ဓဟူးနေ့မှာတော့ တစ်တန်ကို ၄,၆၃၇,၀၀၀၊ ကြာသပတေးနေ့မှာတော့ တစ်တန်ကို ၄,၇၀၀,၀၀၀၊ သောကြာနေ့မှာတော့ ၄,၇၅၀,၀၀၀ ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်တန်ကို ၂၅,၀၀၀ ကျပ်ဈေးတက်ပါတယ်။

ကုလားပဲ

ကုလားပဲကတော့ ဒီတစ်ပတ်မှာလည်း ဈေးမြင့်တက်နေပေမယ့် လက်ရှိငွေကြေးဈေး တည်ငြိမ်မှုမရှိတာ ဈေးကွက်အတွင်း အရောင်းအဝယ်အေးတာတွေကြောင့် အတက်နှေးသွားတဲ့ အခြေအနေဖြစ်ပါတယ်။

ရန်ကုန်ဈေးကွက်မှာ ကုလားပဲခြမ်းက တစ်ပိဿာကို ၆၆၇၅ မှ ၇၂၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၁၀၀ ကျပ် ဈေးမြင့်တက်ပါတယ်။

မန္တလေးဈေးကွက်မှာတော့ ကုလားပဲ 929 က တစ်အိတ်ကို ၂၈၈,၀၀၀ မှ ၂၉၀,၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၈၀၀၀ ကျပ်၊ ကုလားပဲထိုင်ဝမ်က တစ်အိတ်ကို ၂၇၈,၀၀၀ မှ ၂၈၀,၀၀၀ ရှိပြီး တစ်အိတ်ကို ၁၀,၀၀၀ ကျပ်၊ ကုလားပဲလုံး v2 က တစ်အိတ်ကို ၃၁၅,၀၀၀ ရှိနေပြီး တစ်အိတ်ကို ငွေကျပ် ၁၅,၀၀၀ ကျပ် အသီးသီး ဈေးမြင့်တက်လာပါတယ်။ နယ်ဈေးကွက်တွေမှာတော့ ကုလားပဲက တစ်အိတ်ကို ၂၀၀၀ ကနေ ၃၀၀၀ ကြားသာ အတက်ရှိပေမဲ့ အများစုကတော့ ဈေးငြိမ်နေတဲ့ အခြေအနေဖြစ်ပါတယ်။

**ဘိုကိတ်၊ ပဲလွန်း၊ ပဲကြီး**

ဘိုကိတ်၊ ပဲလွန်းဈေးတွေကတော့ ဆက်တိုက် ဈေးမြင့်တက်နေပေမဲ့ ပဲကြီးကတော့ လက်ရှိမှာတော့ ဈေးအေး အရောင်းအဝယ်သွက်နေတယ်လို့ သိရပါတယ်။ ဈေးကွက်အတွင်းအဝင်ရှိနေပြီး အဝင်ရှိသလောက် အဝယ်ရှိတယ်လို့သိရပါတယ်။ ဘိုကိတ်နဲ့ပဲလွန်းတို့ကလည်း အရောင်းအဝယ်ရှိပေမဲ့ ငွေကြေးဈေးကြောင့် မြင့်တက်တာလို့လည်း သိရပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ ဘိုကိတ်တစ်ပိဿာကို ၅၃၃၀ မှ ၅၈၃၅ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၂၅၀ ကျပ် ဈေးတက်ပါတယ်။ ပဲလွန်းဖြူ (ပဲခူးနဲ့မြစ်ဝ) ကတော့ တစ်ပိဿာကို ၄၃၃၀ မှ ၄၅၈၅ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၈၅ ကျပ် ဈေးတက်လာပါတယ်။ ပဲလွန်းနီကတော့ တစ်ပိဿာကို ၃၀၀၀ မှ ၃၈၃၅ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၃၃၅ ကျပ် ဈေးတက်ပါတယ်။ ပဲကြီးကတော့ ရန်ကုန်ဈေးကွက်မှာ ဈေးငြိမ်နေပြီး တစ်ပိဿာကို ၄၆၉၅ မှ ၅၆၆၅ ပေါက်ဈေးရှိနေပါတယ်။

မန္တလေးဈေးကွက်မှာတော့ ပဲကြီး(ကာလာသ)က တစ်အိတ်ကို ၂၀၀,၀၀၀ မှ ၃၀၀,၀၀၀ ကြားပေါက်ဈေးရှိပြီး ငွေကျပ် ၁၀,၀၀၀ သာ ဈေးမြင့်တက်ပါတယ်။ ပဲလွန်းပြာကတော့ တစ်အိတ်ကို ၃၀၀,၀၀၀ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၄၀,၀၀၀ ကျပ် ဈေးတက်ပါတယ်။ ပဲလွန်းဖြူကတော့ တစ်အိတ်ကို ၃၀၅,၀၀၀ မှ ၃၁၀,၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၅,၀၀၀ ကျပ် ဈေးတက်ပါတယ်။

**ကြက်သွန်နီ**

ကြက်သွန်နီကတော့ ဈေးကွက်ထဲအဝင်သွက်လာပြီး ဈေးကအနည်းငယ်ပြန်ကျဆင်းပါတယ်။ နေ့စဉ် ကြက်သွန်အဝင်ပေါ်မူတည်ပြီး အပြောင်းအလဲရှိနေတာဖြစ်တဲ့အတွက် တစ်ပတ်လုံး အတိုင်းအတာနဲ့နှိုင်းယှဉ်လိုက်ရင်တော့ ကြက်သွန်နီက လက်ရှိမှာ အကျဈေးနဲ့ရှိနေဆဲဖြစ်ပါတယ်။ ခရီးဝေးတွေ ပို့ဆောင်ခွင့်မရတဲ့အတွက် အရောင်းအဝယ်အေး/ဈေးအေး အခြေအနေဖြစ်နေတယ်လို့သိရပါတယ်။ ဈေးကွက်အတွင်းမှာတော့ နေ့စဉ်ပိဿာချိန် တစ်သိန်းနဲ့အထက်ရှိပြီး သယ်ယူပို့ဆောင်စရိတ်မြင့်တက်မှုတွေနဲ့လည်း ရင်ဆိုင်နေကြရတယ်လို့ ကုန်သည်အချို့က ဆိုပါတယ်။

ဘုရင့်နောင်ဈေးကွက်မှာကြက်သွန်နီ (ဆိပ်ဖြူ၊ မုံရွာ၊ မြင်းခြံ၊ တောင်သာ)က တစ်ပိဿာကို အနိမ့်ဆုံးဈေး ၁၄၀၀ မှ အမြင့်ဆုံးဈေး ၂၃၀၀ ကြားရှိပြီး တစ်ပိဿာကို ၁၀၀ ကနေ ၁၅၀ကြား ဈေးကျဆင်းပါတယ်။

**Source: AMIA**

https://htwettoe.com/download

## ပို့ကုန်အဝယ်ရှိလာသောကြောင့် ကုလားပဲ၊ မြေထောက်ပဲ ဈေးမြင့်တက်လာ



ပို့ကုန်တင်ပို့ရန် အဝယ်ရှိလာသောကြောင့် ကုလားပဲ၊ မြေထောက်ပဲတို့ ဈေးမြင့်တက်လာကြောင်း ပဲ၊ နှမ်းကုန်သည်များထံမှ သိရသည်။

ပြည်တွင်းသုံးစွဲမှုရှိနေသည့် ကုလားပဲ V7 ကို ပို့ကုန်အမှာရှိလာတာကြောင့် ပဲဈေးကွက်တွင် ဈေးမြင့်တက်လာသလို အခြားကုလားပဲများလည်း လိုက်ပါဈေးမြင့်တက်လာခြင်းဖြစ်သည်။

အလားတူ မြေထောက်ပဲကို ယခင်က ပို့ကုန်တင်ပို့နေရာမှ ရပ်နားသွားပြီး ဈေးငြိမ်နေရာမှ ပြန်လည်တင်ပို့ရန် အဝယ်ရှိလာသောကြောင့် လက်ကျန်ပဲများ ဈေးကောင်းရရှိလာသည်။

မြေထောက်ပဲကို မြေပဲစိုက်ဒေသများတွင် မြေပဲနှင့်အတူ စိုက်ပျိုးသည့်ပဲတစ်မျိုးဖြစ်ပြီး ဧရာဝတီမြစ် အထက်ပိုင်းဒေသများမှ ထွက်ရှိသည့် မြေထောက်ပဲမှာ အရည်အသွေးအကောင်းဆုံးဖြစ်သည်။ ချင်းတွင်းမြစ်ရိုးမှလည်း မြေထောက်ပဲ ထွက်ရှိသော်လည်း အရည်အသွေးအနည်းငယ်လျော့သည်။ လက်ရှိမှာ ပို့ကုန်အဝယ်အမှာရှိတာကြောင့် သုံးတင်းဝင် တစ်အိတ် ငွေကျပ် ၃၅၀,၀၀၀ အထိ ပေါက်ဈေးရှိလာကြောင်း သိရသည်။

ပြည်တွင်း ပဲနှမ်းဈေးကွက် ဈေးကျဆင်းမှုမရှိဘဲ ပုံမှန်အတိုင်း အရောင်းအဝယ်ကောင်းနေကြောင်း၊ V7 ကုလားပဲနှင့် မြေထောက်ပဲမှာ ပို့ကုန်အမှာရှိလာသောကြောင့် ဈေးကွက်ဈေးကောင်းလာကြောင်း၊ မြေပဲဆန်အသစ်များမှာ ပမာဏနည်းနေသေးပြီး အညာမြေပဲဆန်လက်ကျန်မှာလည်း ဈေးမြင့်တက်နေကြောင်း၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှု၊ လက်မှုလုပ်ငန်းရှင်များ အသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင်(ရွှေစင်သိန်းပွဲရုံ)က ပြောသည်။

"ပြည်တွင်းပဲဈေးကွက်က ဈေးကျဆင်းမှုမရှိဘဲ ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်နေပါတယ်။ ကုလားပဲအုပ်စုမှာ V7 ကို ပို့ကုန်အတွက် အဝယ်ရှိလာလို့ သုံးတင်းဝင်တစ်အိတ် ငွေကျပ် ၃၉၀,၀၀၀ ထိဈေးမြင့်တက်လာတာ ကျန်တဲ့ကုလားပဲတွေလည်း လိုက်ပါဈေးမြင့်တာပါ။ ပို့ကုန်မတ်ပဲနဲ့ပဲစင်းငုံကလည်း ဈေးကောင်းအဝယ်ကောင်းနေပါတယ်။ အညာမြေပဲဆန်တွေက လက်ကျန်နည်းလာသလို အသစ်ဝင်တာကလည်း ပမာဏနည်းနေသေးတော့ ဈေးကွက်ထဲမှာ မြေပဲဆန်ဈေးက ဆက်လက်မြင့်တက်နေတာပါ။ မတ်ပဲဈေးကတော့ နည်းနည်းပြန်တက်ချင်ပါတယ်။ မြေထောက်ပဲကိုလည်း ပို့ကုန်အမှာရှိတော့ တစ်အိတ် ငွေကျပ် ၃၅၀,၀၀၀ ထိ ပေါက်ဈေးရှိလာပါတယ်။ နှမ်းမျိုးစုံကလည်း ကုန်သည်တွေ အဝယ်ကောင်းနေလို့ ဈေးအကောင်းဆုံး ဖြစ်နေတာပါ"ဟု ၎င်းကပြောသည်။

ဩဂုတ် ၂၂ ရက်တွင် ပို့ကုန် မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၅၀,၀၀၀၊ ပဲစင်းငုံတစ်အိတ်လျှင် ငွေကျပ် ၄၅၀,၀၀၀ ပေါက်ဈေးဖြစ်လာသည်။ ပဲတီစိမ်းအညာ တစ်အိတ်လျှင် ငွေကျပ် ၂၆၅,၀၀၀ ဈေးမြင့်တက်လာသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ပို့ကုန်တင်ပို့မှုအဝယ်ကြောင့် ဈေးနှုန်းသိသိသာသာ မြင့်တက်လာသည်။ လက်ရှိဈေးတန်းက အမြင့်ဈေးတန်းဖြစ်လာရာ ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၃၂၀,၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၃၆၀,၀၀၀၊ ထိုင်ဝမ်ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၈၃,၀၀၀၊ 929 ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၉၂,၀၀၀ အသီးသီး ဈေးမြင့်တက်လာသည်။

မြေပဲဆန်အသစ်ဝင်များနှင့် နှမ်းမျိုးစုံ ဆက်လက်ဈေးမြင့်တက်နေရာ ဩဂုတ် ၂၂ ရက်တွင် ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၃၀၀,၀၀၀၊ ပဲပုပ်(ရှမ်း) တစ်အိတ်လျှင် ငွေကျပ် ၄၀၀,၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေ ကျပ် ၄၄၀,၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၆၀,၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၅၀,၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန်တစ်ပိဿာလျှင် ငွေကျပ် ၁၂,၅၀၀ ပေါက်ဈေးရှိနေပြီး မြေပဲဆီတစ်ပိဿာလျှင် ငွေကျပ် ၂၀,၅၀၀ ပေါက်ဈေး ရှိနေသည်။

ဩဂုတ် ၂၂ ရက်တွင် နှမ်း မျိုးစုံပေါက်ဈေး အနည်းငယ်ကျဆင်းလာရာ နှမ်းနက်(စမုန်) တစ်အိတ်လျှင် ငွေကျပ် ၅၆၅,၀၀၀၊ နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၄၈၅,၀၀၀၊ နှမ်းညိုတစ်အိတ်လျှင် ငွေကျပ် ၄၀၀,၀၀၀၊ ပန်းနှမ်း တစ်အိတ်လျှင် ငွေကျပ် ၃၀၅,၀၀၀၊ အသီးသီးပေါက်ဈေးရှိနေကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ဈေးကွက်အာမခံချက်ကောင်းသောကြောင့် ငှက်ပျောစိုက်တောင်သူများ အဆင်ပြေ



ကျောက်ဆည်ခရိုင်အတွင်းရှိ ငှက်ပျောစိုက်တောင်သူများအနေဖြင့် ဈေးကွက်အာမခံချက်၏ကောင်းသောကြောင့် ငှက်ပျောစိုက်ပျိုးသူများ အဆင်ပြေလျက်ရှိသည်။

ငှက်ပျောစိုက်တောင်သူများအနေဖြင့် ငှက်ပျောကို ဝါဆိုဦးတွင် အခင်းသစ်အဖြစ် စတင်စိုက်ပျိုးလေ့ရှိပြီး တစ်နှစ်တိတိစိုက်ပျိုးရကြောင်း ထိုသို့ စိုက်ပျိုးရာတွင် လိုအပ်သည့် စိုက်ပျိုးစရိတ်ကို ငှက်ပျောပွဲစားများထံမှ ကြိုတင်ရယူနိုင်သောကြောင့် စိုက်ပျိုးစရိတ် ဝန်ထုပ်ဝန်ပိုးမဖြစ်ဘဲ စိုက်ပျိုးနိုင်ကြောင်း မြစ်သားမြို့နယ် ငှက်ပျောစိုက်တောင်သူ ကိုစိုးသိန်းကပြောသည်။

“ငှက်ပျောဈေးက ကောင်းနေတော့ ပွဲစားတွေက ငွေကြိုပေးကြတယ်။ ဒီလိုကြိုငွေရတော့ စိုက်ပျိုးစရိတ်အတွက် ပူပင်စရာမလိုဘဲ ကောင်းကောင်းအရင်းအနှီးထည့် စိုက်ပျိုးနိုင်ပါတယ်။ ငှက်ပျောသိမ်းရာသီတွင်လည်း ဈေးကောင်းရတော့ အခြားသီးနှံတွေ ထက်ပိုပြီး အကျိုးအမြတ်များပါတယ်”ဟု ၎င်းကပြောသည်။

ငှက်ပျောကြိုတင်ငွေကို မိမိ စိုက်ခင်းမှထွက်ရှိမည့် ငှက်ပျောခိုင်အရေအတွက်ပေါ်မူတည်ပြီး ၂၀ ရာခိုင်နှုန်းခန့်ကို ကြိုတင်ငွေအဖြစ် ပွဲစားများကထုတ်ပေးလေ့ရှိရာ ငှက်ပျောလှည်းတစ်စီးလျှင် ငွေ ကျပ် ၄၀၀,၀၀၀ ခန့်ရရှိသောကြောင့် လှည်းအစီး ၂၀ လျှင် ငွေကျပ် သိန်း ၈၀ ခန့်ကြိုတင်ငွေ ထုတ်ပေးလေ့ရှိသည်။

“ငှက်ပျောလှည်းတစ်စီးကို ငှက်ပျောခိုင် ၄၀ ခန့်ပါဝင်ပြီး တစ်စီးလျှင် ကြိုတင်ငွေအဖြစ် ငွေကျပ် ၄၁၀,၀၀၀ ဈေးဖြင့် ဈေးဖြတ်ပြီးပေးပါတယ်။ ကြိုတင်ငွေထုတ်လျှင်တော့ ငှက်ပျောပေါက်ဈေးကမြင့်နေလည်း ကြိုတင်ဖြတ်ထားသည့်အတိုင်း ငှက်ပျောခိုင်ပြန်သွင်းရပါတယ်။ ကြိုတင်ငွေမယူရင်တော့ ငှက်ပျောဈေးကွက်ပေါက်ဈေးအတိုင်း ရောင်းချရပါတယ်”ဟု ၎င်းက ဆက်လက်ပြောသည်။

ကျောက်ဆည်ဒေသစိုက် ဖီးကြမ်းငှက်ပျောသီးလှည်းတစ်စီးလျှင် လက်ရှိဈေးကွက်မှာ ငွေကျပ် ၅၂၀,၀၀၀ ကျော် ပေါက်ဈေးရှိနေပြီး တစ်ဧကလျှင် ပျမ်းမျှလှည်း အစီး ၁၂ စီးဝန်းကျင်ခန့် ထွက်ရှိသောကြောင့် တောင်သူများအနေဖြင့် ဝင်ငွေ သိန်း ၆၀ ခန့် ရရှိနေသည်။

ကျောက်ဆည်-မြစ်သားဒေသထွက် ဖီးကြမ်းငှက်ပျောသီးများကို ရန်ကုန်၊ နေပြည်တော်၊ မန္တလေးဈေးကွက်သို့ အဓိက တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## အိန္ဒိယနိုင်ငံသည် သဘာဝရော်ဘာပြတ်လပ်မှုနှင့် ရင်ဆိုင်နေရပြီး ဈေးနှုန်းများမြင့်တက်လျက်ရှိ

အိန္ဒိယနိုင်ငံ၏ သဘာဝရော်ဘာပြည်တွင်းထုတ်လုပ်မှုသည် သုံးစွဲမှုလိုအပ်ချက်ထက် တန်ချိန် ၅ ဒသမ ၅ သိန်းခန့် လျော့နည်းသဖြင့် သိသိသာသာပြတ်လပ်မှုနှင့်ကြုံတွေ့နေရကြောင်း၊ သဘာဝရော်ဘာထုတ်လုပ်မှုသည် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် တန်ချိန် ၈ ဒသမ ၃၉ သိန်းမှ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် တန်ချိန် ၈.၅၇ သိန်း အထိတိုးလာခဲ့သော်လည်း သုံးစွဲမှုမှာ တန်ချိန် ၁၃ ဒသမ ၅ သိန်းမှ ၁၄ ဒသမ ၁၆ သိန်းအထိတိုးလာသဖြင့် ကြီးမားသောလိုအပ်ချက်ကိုဖြစ်ပေါ်စေလျက်ရှိကြောင်း၊ ဤအခြေအနေတွင် အကောက်ခွန်မြင့်မားမှုကြောင့် တင်သွင်းရာတွင် စိန်ခေါ်မှုများဖြစ်ပေါ်နေပြီး ဈေးနှုန်းများမြင့်တက်လာကာ သဘာဝရော်ဘာအပေါ် မှီခိုနေရသည့် စက်မှုလုပ်ငန်းများအတွက် အကြပ်အတည်းများဖြစ်ပေါ်လာနိုင်သည့် အခြေအနေများနှင့် ကြုံတွေ့နေရကြောင်းသိရသည်။

အိန္ဒိယနိုင်ငံလုံးဆိုင်ရာရော်ဘာစက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(All India Rubber Industries Association-AIRIA)၏ ဥက္ကဋ္ဌဖြစ်သူ Shashi Singh က ပြည်တွင်းထုတ်လုပ်မှုမလုံလောက်မှုကြောင့် အိန္ဒိယနိုင်ငံသည် သဘာဝ ရော်ဘာတင်သွင်းမှုအပေါ် သမိုင်းကြောင်းအရ မှီခိုနေရပါကြောင်း၊ သဘာဝရော်ဘာတင်သွင်းမှုတွင် အခက်အခဲတစ်ခုမှာ အကောက်ခွန် ၂၅ ရာခိုင်နှုန်း(သို့မဟုတ်)တစ်ကီလိုလျှင် ရူပီး ၃၀ မှ များသည့်ပမာဏအား ကောက်ခံခြင်းဖြစ်ကြောင်း၊ အခြားအခက်အခဲတစ်ခုမှာ ရော်ဘာအား ဈေးကွက်အတွင်း ရရှိနိုင်မှုဆိုင်ရာကိစ္စရပ်ဖြစ်ကြောင်း၊ ယခုလောလောဆယ်တွင် တရုတ်က ရော်ဘာအား စုဆောင်းနေပြီး သဘာဝရော်ဘာတင်ပို့ရောင်းချသည့်နိုင်ငံတစ်နိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် တည်ငြိမ်မှုရှိမနေကြောင်း၊ ယင်းကြောင့် သဘာဝရော်ဘာဈေးနှုန်းမှာ လျင်မြန်စွာမြင့်တက်လာခဲ့ကြောင်း၊ လက်ရှိဈေးနှုန်းသည် ၁၅ နှစ်အတွင်း အမြင့်ဆုံးဖြစ်ပြီး တစ်ကီလိုဂရမ်လျှင် ၂၄၇ ရူပီးဖြစ်နေကြောင်း၊ ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်၊ ဧပြီလတွင် သဘာဝရော်ဘာ တစ်ကီလိုဂရမ်လျှင် ၁၈၂ ရူပီးသာရှိခဲ့သဖြင့် လေးလအတွင်းမှာ နှစ်ဆနီးပါးမြင့်တက်သွားခဲ့ကြောင်း ပြောကြားခဲ့သည်။

သဘာဝရော်ဘာထုတ်လုပ်မှုအတွက် စိန်ခေါ်မှုအခက်အခဲများကို ဆက်လက်ပြောကြားရာတွင် ပြင်းထန်သော မုတ်သုံရာသီကြောင့် အစေးခြစ်သည့်လုပ်ငန်းများကျဆင်းခြင်းနှင့်သွင်းကုန်ကျဆင်းခြင်းတို့ကြောင့် သဘာဝရော်ဘာရရှိနိုင်မှုမှာ သေချာမှုမရှိကြောင်း၊ ယင်းကြောင့် သဘာဝရော်ဘာအပေါ်တွင် မှီခိုနေသောစက်မှုလုပ်ငန်းများအပေါ် သက်ရောက်မှုရှိလာမည်ဖြစ်ကြောင်း၊ လက်ရှိတွင် သဘာဝရော်ဘာ၏ ၇၀ ရာခိုင်နှုန်းခန့်ကို တာယာလုပ်ငန်းမှ အသုံးပြုလျက်ရှိပြီး၊ ကျန် ၃၀ ရာခိုင်နှုန်းကို တာယာမဟုတ်သော ကုမ္ပဏီများ၊ အသေးစားနှင့် အငယ်စားလုပ်ငန်းများက အသုံးပြုလျက်ရှိကြောင်း၊ လက်အိတ်နှင့် ပူဖောင်းပြုလုပ်ရာတွင် အသုံးပြုသည့် ရော်ဘာစေးတင်သွင်းမှုအတွက် အခွန် ၇၅ ရာခိုင်နှုန်း ကောက်ခံသည့်အတွက် ကုန်ကြမ်းပြတ်လပ်မှုရှိနေပါကြောင်း၊ သို့ရာတွင် တင်သွင်းလာသည့် မွေ့ရာ၊ ပူဖောင်းနှင့် ခွဲစိတ်ခန်းသုံးလက်အိတ်များမှာ အခွန် ၁၀ ရာခိုင်နှုန်းသာရှိသဖြင့် အဆိုပါကုန်ပစ္စည်းများကို ပြည်တွင်း၌ထုတ်လုပ်မှုထက် ပြည်ပမှတင်သွင်းရန် တွန်းအားပေးနေသကဲ့သို့ဖြစ်နေပါကြောင်း၊ အဆိုပါကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ရော်ဘာစက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(AIRIA)နှင့် မော်တော်ကားတာယာထုတ်လုပ်သူများအသင်း(ATMA)တို့သည် ကုန်ကြမ်းတင်သွင်းမှုအကြပ်အတည်းနှင့်ဆိုင်ရာအကြံပြုချက်အား အစိုးရထံတင်ပြထားပါကြောင်း၊ ယခုအခါ သဘာဝရော်ဘာထုတ်လုပ်မှုအား မြှင့်တင်ရန်အတွက် ဒုတိယအများဆုံးထုတ်လုပ်သည့် ပြည်နယ်များဖြစ်သည့် တြိပူရနှင့်ကီရာလာတို့အပြင် အခြားဒေသများတွင် တိုးချဲ့စိုက်ပျိုးနိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း Singh က ပြောကြားထားသည်။

သဘာဝရော်ဘာကို မှီခိုနေသော ပြည်တွင်းစက်မှုလုပ်ငန်းများကို ပံ့ပိုးကူညီရန်အတွက် သွင်းကုန်စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် ပြည်တွင်းထုတ်လုပ်မှုမြှင့်တင်ရေးအတွက်လည်း မျှတသောချဉ်းကပ်မှုများလိုအပ်ကြောင်း အလေးပေးဖော်ပြထားသည်ကိုလည်း တွေ့ရသည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံသည် ရော်ဘာသုံးစွဲမှုမြင့်မားလာမှုနှင့်အတူ ပြည်တွင်းဈေးကွက်လိုအပ်ချက်အတွက် ပြည်ပမှတင်သွင်းရာတွင်ကောက်ခံသည့် အခွန်နှုန်းထားများလျှော့ပေါ့ပေးမည့် အလားအလာများရှိနေပါသည်။

**Source: India facing acute shortage of natural rubber, prices soar, The Economic Times, 16 August 2024.**

**(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

https://myantrade.gov.mm/

## ဘင်္ဂလားဒေ့ရှ်သို့ ၂၀၂၈ အထိ လယ်ယာထွက်ကုန်တင်ပို့ရန် ညှိနှိုင်းနေ

ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ၂၀၂၈ ခုနှစ်အထိ ဆန်နဲ့လယ်ယာထွက်ကုန်တွေ တင်ပို့နိုင်ရေးအတွက် နှစ်နိုင်ငံကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ (၂၀၂၄-၂၀၂၈) ရေးထိုးဖို့ ညှိနှိုင်းဆောင်ရွက်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကနေ သိရပါတယ်။

သဘောတူညီချက်အရ တစ်နှစ်ကို ဆန်နဲ့လယ်ယာထွက်ကုန်စုစုပေါင်းတန်ချိန် ၁၅၀,၀၀၀ တင်ပို့သွားမှာဖြစ်ပြီး ပေါင်းဆန်တန်ချိန် ၁၅,၀၀၀၊ ဆန်ဖြူတန်ချိန် ၃၀,၀၀၀၊ ဆန်ကွဲတန်ချိန် ၂၀,၀၀၀ ပါဝင်နေပါတယ်။

ဒါ့အပြင် ပြောင်းဆန်တန်ချိန် ၃၀,၀၀၀၊ ပဲအမျိုးမျိုး တန်ချိန် ၂၀,၀၀၀၊ ငရုတ်၊ ကြက်သွန်နီနဲ့ချင်းတန်ချိန် ၂၀,၀၀၀၊ သကြားတန်ချိန် ၁၅,၀၀၀ ကိုလည်း ထည့်သွင်းတင်ပို့သွားဖို့ရှိပါတယ်။

မြန်မာ-ဘင်္ဂလားဒေ့ရှ် ဆန်ကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၂၀၁၇ ခုနှစ်မှ ၂၀၂၇ ခုနှစ်အထိ သက်တမ်းတိုးထားပါတယ်။

နှစ်စဉ် အများဆုံး ဆန်ဖြူတန်ချိန် နှစ်သိန်းခွဲနဲ့ ပေါင်းဆန်တန်ချိန် ၅ သောင်းတင်ပို့ဖို့ MoU ရေးထိုးခဲ့ပြီး စတုတ္ထအကြိမ် ဆန်တန်ချိန် ၁ သိန်း တင်ပို့နိုင်ဖို့ ညှိနှိုင်းလျက်ရှိပါတယ်။

အိန္ဒိယနိုင်ငံကိုလည်း MoU အရ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အထိ နှစ်စဉ် မတ်ပဲတန်ချိန် ၂ သိန်းခွဲနဲ့ ပဲစင်းငုံတန်ချိန် ၁ သိန်း တင်ပို့မှာဖြစ်ပြီး အိန္ဒိယရဲ့လွတ်လပ်စွာတင်ပို့ခွင့် သက်တမ်းတိုးခွင့်ပြုမှုအရ မတ်ပဲနဲ့ပဲစင်းငုံတွေ တိုးတက်တင်ပို့လျက်ရှိတယ် လို့ သိရပါတယ်။

**Source: BETV Business**

## STOCK EXCHANGE (26.8.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 26th Aug. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 23,081 (Shares) | 80,279,600 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +0 | +0.00% | 8,900 | 9,000 | 8,900 | 531 | 4,734,300 | 33,109,694 | 294,676 |
| MTSH | 00002 | 3,550 | +50 | +1.43% | 3,450 | 3,550 | 3,450 | 3,704 | 12,953,000 | 38,929,150 | 138,199 |
| MCB | 00003 | 9,000 | +100 | +1.12% | 9,000 | 9,000 | 9,000 | 4 | 36,000 | 10,400,986 | 93,609 |
| FPB | 00004 | 1,800 | -50 | -2.70% | 1,850 | 1,850 | 1,800 | 185 | 340,500 | 29,664,613 | 53,396 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 0 | 0 | 12,823,224 | 35,905 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,700 | 1,364 | 2,361,000 | 19,977,223 | 34,960 |
| AMATA | 00007 | 4,600 | +0 | +0.00% | 4,600 | 4,600 | 4,600 | 255 | 1,173,000 | 10,497,598 | 48,289 |
| MAEX | 00008 | 3,300 | -100 | -2.94% | 3,300 | 3,300 | 3,300 | 662 | 2,184,600 | 23,804,946 | 78,556 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 27th Aug. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 410.54 | -1.72 | -0.42% | 411.47 | 411.47 | 409.91 | 7,506 | 19,197,850 | 8 | 774,352 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 27th Aug. 2024

| Trading Volume | Trading Value |
|---|---|
| 17,545 (Shares) | 55,577,350 (MMK) |

## Main Board

As of 1:00 pm, 27th Aug. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 17,506 (Shares) | 54,197,850 (MMK) |

| MYANPIX | 410.54 ▼ 1.72 |
|---|---|
| Total Volume (shares) | 7,506 |
| Total Value (MMK) | 19 mil |
| Listed Company | 8 |
| Market Cap. (MMK) | 774,352 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▲ 0 |
| MTSH | 00002 | 3,500 | ▼ 50 |
| MCB | 00003 | 9,000 | ▲ 0 |
| FPB | 00004 | 1,750 | ▼ 50 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 1,700 | ▼ 50 |
| AMATA | 00007 | 4,600 | ▲ 0 |
| MAEX | 00008 | 3,350 | ▲ 50 |